# ထိုင်းဘုရင့် နိုင်ငံအစိုးရ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ တို့အကြား အလုပ်သမားများ ခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ

ထိုင်းဘုရင့်နိုင်ငံ အစိုးရ နှင့်ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ (ဤမှ နောင်တွင် စာချုပ်ဝင်နိုင်ငံများဟု ခေါ်ဝေါ်သုံးစွဲမည်၊) တို့သည် အလုပ်သမားများ တရားမဝင်ခန့် ထားခြင်း၏ မလိုလားအပ်သောလူမှုရေး နှင့် စီးပွားရေး အကျိုးသက်ရောက်မှုများ ရှိသည်အပေါ် စိုးရိမ်မှုရှိကြသည့်အပြင် နှစ်နိုင်ငံအကျိုးတူးပူး ပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ရန် ဆန္ဒရှိကြသည်ဖြစ်၍ အောက်ဖော်ပြပါ အတိုင်း သဘောတူညီ ကြပါသည်။

## ရည်ရွယ်ချက်နှင့် သက်ဆိုင်မှု နယ်အဝန်း

အပိုဒ် (၁)

စာချုပ်ဝင်နိုင်ငံများသည် အောက်ဖော်ပြပါအချက်များ အကောင်အထည်ဖော် ဖြစ်မြောက်ရေး အတွက် လိုအပ်သော ဆောင်ရွက်ချက် အလုံးစုံကို ဆောင်ရွက်ကြရမည်။

(၁) အလုပ်သမားများ ခန့်ထားရန်တွက် လျော်ကန်သင့်မြတ်သည့် လုပ်ထုံးလုပ်နည်းများ။

(၂) အလုပ်ခန့်ထားခြင်းသတ်တမ်းနှင့်သတ်မှတ်ချက်မှတ်များ ပြီးမြောက်သွားပြီးသော အလုပ်သမား များ သို့မဟုတ် အလုပ်ခန့်ထားခြင်း စာချုပ်သက်တမ်း မပြီးဆုံးသေးသော်လည်း သက်ဆိုင်ရာတဖက် စာချုပ်ဝင်နိုင်ငံ အာဏာပိုင်များ၏ ပြည်နှင်ခံရခြင်းကြောင့် မိမိ၏အမြဲတမ်း နေရပ်လိပ်စာများသို့ ပြန် လည်ထွက်ခွါရမည့် အလုပ်သမားများအား ထိရောက်စွာ ပြန်လည်စေလွှတ်ပို့ဆောင်နိုင်စေရန်အတွက် ဆောင်ရွက်ရန်။

(၃) အလုပ်သမားများ၏ အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်မှု မဆုံးရှုံးစေရန်နှင့် ရသင့်ရထိုက် သော အခွင့်အရေးများ ရရှိစေရန် အတွက် လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ရန်။

(၄) တရားမဝင်နယ်စပ်ဖြတ်ကျော်ခြင်း၊ တရားမဝင်အလုပ်သမားများ လူမှောင်ခိုကူးခြင်းနှင့် အလုပ်သ မားများ တရားမဝင် ခန့်ထားခြင်းတို့ကို ကာကွယ် တားဆီးရန်နှင့် ထိရောက်စွာ အရေးယူဆောင် ရွက်ရန်။

ဤနားလည်မှုစာချွန်လွှာသည် စာချုပ်ဝင်နိုင်ငံများ၏ ဥပဒေများနှင့် အညီလိုက်နာဆောင်ရွက်ထားပြီး သော အလုပ်ခန့် ထားဆောင်ရွက်မှုများနှင့် သက်ဆိုင်စေခြင်း မရှိစေရ။

## အာဏာအပ်နှင်းထားသည် ဌာနများ

အပိုဒ် (၂)

ဤနားလည်မှုစာချွန်လွှာအတွက် ထိုင်းဘုရင့်နိုင်ငံ၊ အလုပ်သမားဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ အလုပ်သမားဝန်ကြီးဌာနတို့သည် ထိုင်းဘုရင့်အစိုးရနှင့် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရတို့က အသီးသီး အာဏာအပ်နှင်းထားသည့် ဌာနများ ဖြစ်စေရမည်။

အပိုဒ် (၃)

ဤနားလည်မှု စာချွန်လွှာကို အကောင်အထည် ဖော်နိုင်ရေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအတွက် ပုံမှန်ညှိနှိုင်းမှုများပြုလုပ်ရန် စာချုပ်ဝင်နိုင်ငံများ၏ အာဏာအပ်နှင်းထားသည့် ဌာနများသည် အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် ဝန်ကြီးအဆင့်သို့မဟုတ် အကြီးတန်းဝန်ထမ်းအဆင့် ဆွေးနွေးပွဲများကို စာချုပ်ဝင် နိုင်ငံများတွင် အလှည့်ကျ ပြုလုပ်ရမည်။

ဤနားလည်မှုစာချွန်လွှာ အာဏာသက်ရောက်မှုမတိုင်မီ တဖက်စာချုပ်ဝင်နိုင်ငံသို့ ရောက်ရှိနှင့်ပြီးသည့် တရားမဝင်အလုပ်သမားများကို ဤနားလည်မှုစာချွန်လွှာ၏ သက်ဆိုင်မှု နယ်အဝန်းအတွင်း ပါဝင် သက်ဆိုင်လာစေရန်အတွက်၊ လိုအပ်သည့် လုပ်ထုံးလုပ်နည်းစနစ်ချမှတ်နိုင်စေရန် စာချုပ်ဝင်နိုင်ငံများ၏ အာဏာအပ်နှင်းထားသည့် ဌာနများက ပူပေါင်းဆောင်ရွက်သွားရမည်။

## လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ထုံးလုပ်နည်း

အပိုဒ် (၄)

စာချုပ်ဝင် နိုင်ငံများသည် အလုပ်သမားများ ခန့်ထားရေးအတွက် သင့်လျော်သော လုပ်ထုံးလုပ်နည်းများ ဖြစ်ပေါ်လာစေရန် လိုအပ်သည့် နည်းလမ်းမှန်သမျှဖြင့် ဆောင်ရွက်ကြရမည်။

အလုပ်သမားများခန့်ထားရန်အတွက် သက်ဆိုင်ရာနိုင်ငံများရှိ အာဏာအပ်နှင်းထားသည့်ဌာနများထံမှ ကြိုတင်ခွင့်ပြုချက်ယူရန် လိုအပ်သည်၊ သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများအတိုင်း လိုအပ်သော လုပ်ထုံးလုပ်နည်းများ ပြီးဆုံးပါက ခွင့်ပြုချက်ကို ပေးအပ်နိုင်သည်။

သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အာဏာအပ်နှင်းထားသည့်ဌာနများသည် ယင်းတို့၏ ခွင့်ပြုချက်များကို မည်သည့်အချိန်တွင်မဆို ရုပ်သိမ်းနိုင်သည် သို့မဟုတ် ပျက်ပြယ်စေနိုင်သည်၊

ယင်းသို့ ရုပ်သိမ်းခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်းသည် ရုပ်သိမ်းခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်း မတိုင်မီ ကာလက ဆောင်ရွက်ပြီးဖြစ်သည့် မည်သည့်စာချုပ်ကိုမျှ ထိခိုက်စေခြင်းမရှိစေရ။

အပိုဒ် (၅)

အာဏာအပ်နှင်းထားသည့် ဌာနများသည် စာချုပ်ဝင်တစ်ဖက်နိုင်ငံ၏ အာဏာအပ်နှင်းထားသည့် ဌာနများသို့ အလုပ်အကိုင်ကမ်းလှမ်းရာတွင် အလုပ်အကိုင် အခွင့်အလမ်းများ၊ အလုပ်အကိုင်အရေအတွက်၊ ခန့်ထားမည့်ကာလအပိုင်းအခြား၊ အလုပ်အတွက်လိုအပ်သော အရည်အချင်း၊ အလုပ်နှင့် ပတ်သက်သည့် သတင်းအချက်များ၊ ထုတ်ပေးမည့် အခကြေးငွေဆိုင်ရာစသည့် သတင်းအချက်အလက်များကို ပေးပို့ရမည်။

အပိုဒ် (၆)

အာဏာအပ်နှင်းထားသည့် ဌာနများသည် ယင်းတို့၏တစ်ဖက် အာဏာအပ်နှင်းထားသည့် ဌာနများသို့ ရွေးချယ်ထားသည့် လျှောက်လွှာရှင်များ၏ စာရင်းနှင့်အတူ အလုပ်အကိုင်လျှောက်ထားသူများ၏ အသက်များ၊ အမြဲတမ်းနေရပ်လိပ်စာများ၊ ရည်ညွှန်းသည့်ပုဂ္ဂိုလ်များ၊ ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံများနှင့် လိုအပ်သည်ဟု ထင်မြင်သည့် အခြားသတင်းအချက်အလက်များကို အလုပ်ရှင်ဖြစ်လာမည့်သူများ စဉ်းစားသုံးသပ်နိုင်ရန်အတွက် ဖြည့်ဆည်းပေးရမည်။

အပိုဒ် (၇)

အလုပ်ရှင်များမှရွေးချယ်ထားသောစာချွန်လွှာအပိုဒ် (၄)အရ ခွင့်ပြုထားသည့်အလုပ်လျှောက်ထားသူများသည် အောက်ဖော်ပြပါ အချက်များအပါအဝင် လိုအပ်ချက်များ ပြည့်စုံစေရန် အတွက် အာဏာအပ်နှင်းထားသည့် ဌာနများသည်လူဝင်မှုကြီးကြပ်ရေးနှင့် အခြားဌာနဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(၁) ပြည်ဝင်ခွင့်အတွက်ဗီဇာများနှင့် အခြားလိုအပ်သောခွင့်ပြုချက်များ၊
(၂) အလုပ်လုပ်ကိုင်ခွင့်များ (ပါမစ်)
(၃) ကျန်းမာရေးအတွက်အာမခံ သို့မဟုတ် ကျန်းမာရေးဝန်ဆောင်မှု၊
(၄) သက်ဆိုင်ရာ စာချုပ်ဝင်နိုင်ငံများ၏ အာဏာအပ်နှင်းထားသည့် ဌာနများမှ သတ်မှတ်သော ပမာဏကို စုဆောင်းရန်ပုံငွေသို့ ထည့်ဝင်မှု၊
(၅) စာချုပ်ဝင်နိုင်ငံများမှ သတ်မှတ်သော အခွန်အကောက်များနှင့် အခြားလိုအပ်ချက်များ၊
(၆) အလုပ်ရှင်များနှင့် အလုပ်သမားများအကြား ချုပ်ဆိုထားသည့် အလုပ်ခန့်ထားမှုစာချုပ်၊

အလုပ်ခန့်ထားခြင်းနှင့် သက်ဆိုင်သော သက်တမ်းနှင့် သတ်မှတ်ချက်များပါ ပဋိညာဉ်ကို အလုပ်ရှင်နှင့် အလုပ်သမားတို့ကြား လက်မှတ်ရေးထိုး ချုပ်ဆိုရမည်ဖြစ်ပြီး အာဏာအပ်နှင်းထားသည့် ဌာနများသို့ လည်း အဆိုပါ ပဋိညာဉ်၏ မိတ္တူ တစ်စုံစီကို ပေးအပ်ရမည် ဖြစ်ပါသည်။

အပိုဒ် (၈)

အာဏာအပ်နှင်းထားသည့်ဌာနများသည် ဤနားလည်မှုစာချွန်လွှာအရ အလုပ်လုပ်ရန်ခွင့်ပြုသည့် အလုပ်သမားစာရင်းများကို စီမံခန့်ခွဲရန် တာဝန်ယူကြရမည်၊ ယင်းဌာနများသည် အလုပ်ခန့်ထားခြင်း ဆိုင်ရာသက်တမ်းနှင့် သတ်မှတ်ချက်များ ပြီးဆုံးသွားပြီးနောက် မိမိတို့၏အမြဲတမ်းနေရပ် လိပ်နေရပ်လိပ်စာသို့ ပြန်လည်ရောက်ရှိနေကြပြီဟု မိမိတို့ကိုယ်တိုင် သတင်းပို့ခြင်းဖြင့်ဖြစ်စေ၊ စာရွက်စာတမ်းများအရ အတည်ပြုပြီးလျှင်ဖြစ်စေ၊ ယင်းစာရင်းများကို ထိုသို့ သတင်းပို့သည့်နေ့မှ သို့မဟုတ် အတည်ပြုပြီး သည့်နေ့မှစတင်၍ အနည်းဆုံး လေးနှစ်ကာလထိ ရည်ညွှန်းကိုးကားရန်နှင့် ပြန်လည်သုံးသပ်ရန် အတွက် သိမ်းဆည်းထားရှိရမည်။

## ဌာနေသို့ ထွက်ခွါခြင်းနှင့် ပြန်လည်စေလွှတ်ခြင်း

### အပိုဒ် (၉)

အခြားနည်းဖော်ပြမထားလျှင် အလုပ်ခန့် ထားမှုသက်တမ်းနှင့် သတ်မှတ်ချက်များသည် (၂) နှစ် ကာလထက် မကျော်လွန်စေရ။ လိုအပ်ပါက နောက်ထပ် (၂) နှစ်သက်တမ်း တစ်ကြိမ် တိုးမြှင့်ပေးနိုင်ပါသည်၊ မည်သို့ပင်ဖြစ်စေ အလုပ်ခန့်ထားမှုသက်တမ်းသည် (၄) နှစ်ထက် မကျော်လွန်စေရ။ ယင်းအချိန်ကာလပြီးတွင် အလုပ်ခန့်ထားမှု ရပ်စဲသည်ဟု မှတ်ယူရမည်။

အလုပ်ခန့်ထားမှု သက်တမ်းနှင့် သတ်မှတ်ချက်များ ပြီးမြောက်ကုန်ဆုံးသွားသည့် အလုပ်သမားတဦးသည် အလုပ်ခန့်ထားရန်အတွက် ပြန်လည်လျှောက်လွှာမတင်မီ ကြားကာလ အဖြစ် (၃) နှစ်ရပ်နားရမည် ဖြစ်ပါသည်။

### အပိုဒ် (၁၀)

အလုပ်ခန့်ထားမှု သက်တမ်းနှင့် သတ်မှတ်ချက်များကို ရိုးသားစွာ ဖြည့်ဆည်းဆောင်ရွက်ပြီးသွားသည့် အလုပ်သမားများကို ယင်းတို့၏ အမြဲတမ်းနေရပ်လိပ်စာများသို့ ချောမောစွာ ပြန်လည်ရောက် ရှိစေရေးအတွက် စာချုပ်ဝင်နိုင်ငံများသည် အစွမ်းကုန် ပူးပေါင်းဆောင်ရွက်ပေးရမည်။

### အပိုဒ် (၁၁)

အလုပ်သမားခန့်ထားသော နိုင်ငံမှအာဏာအပ်နှင်းထားသည့် ဌာနများသည် စုဆောင်းရန်ပုံငွေတရပ်ကို မတည်ထား၍ စီမံကွပ်ကဲပေးရမည်၊ အလုပ်သမားများသည် ယင်းတို့၏ လစာ၏ ၁၅ ရာခိုင်နှုန်းနှင့် ညီမျှသော ငွေပမာဏကို ဖော်ပြပါစုဆောင်းရန်ပုံငွေသို့ လစဉ်ထည့်ဝင်ရမည် ဖြစ်ပါသည်၊

### အပိုဒ် (၁၂)

အလုပ်ခန့်ထားမှု သက်တမ်းနှင့် သတ်မှတ်ချက်များပြီးဆုံး၍ မိမိတို့၏ အမြဲတမ်းနေရပ်လိပ်စာများသို့ ပြန်လည်ရောက်ရှိပြီးသည့် အလုပ်သမားများသည် မိမိတို့၏ အမြဲတမ်းနေရပ်လိပ်စာများသို့ ပြန်လည်မထွက်ခွာမီ (၃) လကြိုတင်၍ အာဏာအပ်နှင်းထားသည့်ဌာနသို့ လျှောက်လွှာတင်ခြင်းဖြင့် ယင်းတို့ လစဉ် စုဆောင်းငွေနှင့် အတိုးငွေများကိုပါ အပြည့်အဝ ပြန်လည်ရရှိနိုင်ခွင့် ရှိရမည်။ ထိုငွေများ ပြန်လည်ပေးချေမှုများကို အလုပ်တာဝန်ပြီးဆုံးပြီး (၇) ရက်အတွင်း ပြန်လည်ပေး ချေမည် ဖြစ်ပါသည်။

အလုပ်ခန့် ထားမှု သက်တမ်းမကုန်မီ လုပ်ငန်းတာဝန် ရပ်စဲခံရ၍ မိမိတို့၏ အမြဲတမ်းနေရပ်လိပ်စာများသို့ ပြန်လည်ထွက်ခွါရသည့် အလုပ်သမားများအတွက်လည်း ယင်းတို့ လစဉ်စုဆောင်းငွေနှင့် အတိုးငွေများကို အလုပ်တာဝန်ပြီးဆုံးပြီး (၇) ရက်အတွင်း ပြန်လည်ပေးချေပေးမည် ဖြစ်ပါသည်။

### အပိုဒ် (၁၃)

အလုပ်ခန့်ထားမှု သက်တမ်းနှင့် သက်မှတ်ချက်များ ခိုင်လုံသေး၍ အာဏာအပ်နှင်းထားသည့် ဌာနများ၏ စည်းမျဉ်းများနှင့်လည်း ကိုက်ညီမှုရှိသော အလုပ်သမားများသည် မိမိနိုင်ငံသို့ ခေတ္တပြန်ခွင့်ရှိပြီး ဤသို့ ပြန်ခြင်းသည် အပိုဒ် (၄) အလုပ်ခန့်ထားမှုမှ ရပ်စဲခြင်းမဖြစ်စေရ။

အပိုဒ် (၁၄)

အပိုဒ် (၁၂)ပါ ပြန်လည်ပေးချေငွေများအတွက် လျှောက်ထားရာ၌ လိုအပ်သောလုပ်ထုံးလုပ်နည်းနှင့် စာရွက်စာတမ်းများအား အာဏာအပ်နှင်းထားသည့် ဌာနများက သတ်မှတ်ထား ရမည်။

အပိုဒ် (၁၅)

အလုပ်ခန့်ထားမှု သက်တမ်းနှင့် သတ်မှတ်ချက်များပြီးဆုံးသော်လည်း မိမိ၏အမြဲတမ်း နေရပ်လိပ်စာသို့ ပြန်လာခြင်းမရှိသော အလုပ်သမားများ၏ စုဆောင်းငွေများအား ပြန်လည်တောင်းခံခွင့်ကို ရုပ်သိမ်းမည်ဖြစ်သည်။

အပိုဒ် (၁၆)

ငှားရမ်းထားသောအလုပ်သမားများကို ယင်းတို့၏နိုင်ငံသို့ ပြည်နှင်ရန် အခြေအနေပေါ်ပေါက်လာပါက ယင်းတို့အား ခန့်ထားသောနိုင်ငံ၏ အာဏာအပ်နှင်းထားသည့်ဌာနများသည် ဘဏ်၏ စီမံခန့်ခွဲမှုဆိုင်ရာ ကုန်ကျစရိတ်များနှင့် ပြန်ပို့ရာတွင် ကုန်ကျသည့်စရိတ်များကာမိစေရန်အတွက် အဆိုပါ အလုပ်သမားများ၏ စုဆောင်းငွေမှ ထုတ်ယူသုံးစွဲနိုင်သည်။

## ကာကွယ်စောင့်ရှောက်မှု

အပိုဒ် (၁၇)

အလုပ်သမား ခန့်ထားသော စာချုပ်ဝင်နိုင်ငံသည် တဖက်စာချုပ်ဝင်နိုင်ငံမှ အလုပ်သမားများကို မိမိနိုင်ငံရှိ ပြည်တွင်းဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများ ရရှိစေရန် ဆောင်ရွက်ပေးရမည်။

အပိုဒ် (၁၈)

နှစ်ဖက်စာချုပ်ဝင်နိုင်ငံများမှ အလုပ်သမားများသည် ဒေသခံအလုပ်သမားများနည်းတူ လုပ်ခနှင့် အခြားခံစားခွင့်များကို လူမျိုး၊ ဘာသာ၊ ကျား/မ ခွဲခြားမှုမရှိစေဘဲ တန်းတူညီတူ ခံစားခွင့် ရှိရမည်၊

အပိုဒ် (၁၉)

အလုပ်ခန့်ထားမှုနှင့် စပ်လျဉ်း၍ အလုပ်ရှင်များနှင့် အလုပ်သမားများ အကြား ဖြစ်ပေါ်သော အငြင်းပွားမှုများအား အာဏာအပ်နှင်းထားသည့် ဌာနများက အလုပ်ခန့်ထားသောနိုင်ငံ၏ တည်ဆဲဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ညှိနှိုင်းဖြေရှင်းပေးရမည်။

## တရားမဝင် အလုပ်ခန့်ထားမှု မရှိစေရေးအတွက် အစီအမံများ။

အပိုဒ် (၂၀)

စာချုပ်ဝင်နိုင်ငံများသည် မိမိတို့၏သက်ဆိုင်ရာ နယ်နိမိတ်တွင် တရားမဝင်နယ်စပ်ဖြတ်ကျော်ခြင်း တရားမဝင် အလုပ်သမားများ မှောင်ခိုကူးခြင်းနှင့် အလုပ်သမားများ တရားမဝင်ခန့်ထားခြင်းများကို ကာကွယ်နှိမ်နင်းရန် လိုအပ်သော အစီအမံများ ဆောင်ရွက်ထားရှိမည်။

အပိုဒ် (၂၁)

စာချုပ်ဝင်နိုင်ငံများသည် လူမှောင်ခိုကူးခြင်း၊ တရားမဝင်လူဝင်မှုပြုလုပ်ခြင်း၊ တရားမဝင်အလုပ်သမားများ မှောင်ခိုကူးခြင်းနှင့် တရားမဝင်အလုပ်သမားများ ခန့်ထားခြင်းဆိုင်ရာ ကိစ္စရပ်များတွင် သတင်း အချက်အလက်များ အပြန်အလှန် ဖလှယ်ကြရမည်။

## ပြင်ဆင်ချက်များ

အပိုဒ် (၂၂)

ဤနားလည်မှု စာချွန်လွှာနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်တစ်စုံတစ်ရာပြုလုပ်လိုပါက စာချုပ်ဝင်နိုင်ငံများသည် သဘောတူညီသည့်အတိုင်း သံတမန်လမ်းကြောင်းမှတဆင့် ဆောင်ရွက်နိုင်သည်။

## အငြင်းပွားမှုများ ဖြေရှင်းခြင်း

အပိုဒ် (၂၃)

ဤနားလည်မှု စာချွန်လွှာနှင့် စပ်လျဉ်း၍ သဘောကွဲလွဲမှု သို့မဟုတ် အငြင်းပွားမှုတစ်စုံတရာ တစ်ရာ ပေါ်ပေါက်လာပါက စာချုပ်ဝင်နိုင်ငံအချင်းချင်း ခင်မင်ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဖြေရှင်းကြရမည်။

## အာဏာသက်ရောက်ခြင်းနှင့် ရပ်စဲခြင်း

အပိုဒ် (၂၄)

ဤနားလည်မှု စာချွန်လွှာသည် လက်မှတ်ရေးထိုးသည့်နေ့ရက် နောက်တွင် အာဏာသက်ရောက်ရမည်ဖြစ်ပြီး စာချုပ်ဝင်နိုင်ငံတခုခုက စာချုပ်ရပ်စဲလိုကြောင်း စာဖြင့်အသိပေး အကြောင်းကြားခြင်းဖြင့် စာချုပ်ကို ရပ်စဲစေရမည်။ စာချုပ်ရပ်စဲခြင်းသည် ရပ်စဲလိုကြောင်း အသိပေး အကြောင်းကြားသည့်နေ့မှ ရက်ပေါင်း (၉၀) အကြာတွင် အကျိုးသက်ရောက်ရမည်။

ဤစာချုပ်ရပ်စဲမှု ဖြစ်ပေါ်ခဲ့သော် စာချုပ်ဝင်နိုင်ငံများသည် အလုပ်သမား၏အကျိုးကို ရှေ့ရှု၍ တည်ဆဲဖြစ်နေသည့် အလုပ်ခန့်ထားမှု ပဋိညာဉ်၏များနှင့် ပတ်သက်၍ မည်ကဲ့သို့ ဆက်လက် ဆောင်ရွက်ကြမည်ကို ဆွေးနွေးညှိနှိုင်းကြရမည်။

သက်ဆိုင်ရာအစိုးရများက အာဏာလွှဲအပ်ခြင်းခံရသော အောက်ပါပုဂ္ဂိုလ်များသည် အသိသေများ ရှေ့မှောက်တွင် ဤနားလည်မှု စာချွန်လွှာကို လက်မှတ် ရေးထိုးကြပါသည်။

ခရစ်သက္ကရာဇ် ၂၀၀၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ချင်းမိုင်မြို့၌ --------- ထိုင်းအာသည် မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် မူရင်းနှစ်စုံစီ ပြုလုပ်ချုပ်ဆိုပါသည် ယင်းစာမူအားလုံးတို့သည် ထပ်တူထပ်မျှ တရားဝင်၍ မှန်ကန်သည်ချည်းဖြစ်ကြပါသည်၊ အဓိပ္ပါယ်ဖွင့် ဆိုရာ၌ ကွဲပြားခြားနားမှု တစ်စုံတရာ ဖြစ်ပေါ်လာပါက အင်္ဂလိပ်ဘာသာဖြင့် ချုပ်ဆိုသော စာမူသည် လွှမ်းမိုး၍ အတည်ဖြစ်စေရမည်။